


# မဟာသမယနေ့ ပွဲတော်

မဟာဝုန်တောအတွင်း၌ သာကီဝင်မင်းသားငါးရာ ရဟန္တာဖြစ်သော နယုန်လပြည့်နေ့တွင် စကြာဝဠာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းသည်လည်း ဘုရားနှင့်ရဟန္တာငါးရာကိုဖူးမြော်ရန် စည်းဝေးရောက်လာကြသဖြင့် ကြီးစွာသော နတ်ဗြဟ္မာအစည်းအဝေးကြီးဖြစ်ပေါ်လေသည်။ ထိုနတ်ဗြဟ္မာတို့အား မြတ်စွာဘုရားသည် "မဟာသမယသုတ်" ကို ဟောတော်မူရာ နတ်ဗြဟ္မာကုဋေတစ်သိန်း ရဟန္တာဖြစ်၍ သောတာပန်စသော အရိယာဖြစ်သူတို့ကား မရေမတွက်နိုင်အောင်များပြားလှ၏။

ဤသို့ ကြီးကျယ်မြင့်မြတ်လှသော မဟာသမယသုတ်တော်ကြီးကို ပူဇော်သောအားဖြင့် "မဟာသမယနေ့" ပွဲတော် ကျင်းပပါမည်။ ပွဲတော်တွင် အောက်ပါကုသိုလ်ရှင်များက မွန်မြတ်သော စားသောက်ဖွယ်များဖြင့် ကျွေးမွေးညှဉ့်ခံမည်ဖြစ်၍ ကြွရောက်တော်မူပါရန် စေတနာ မေတ္တာဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဂေါပကအဖွဲ့

**ပွဲတော်နေ့။** ၂၀၁၀ ခု၊ ဇွန်လ ၆ ရက်၊ တနင်္ဂနွေနေ့။

**အချိန်။** 10: 00 am. -1:15 pm. ညှဉ့်ခံကျွေးမွေးမည်။ 01: 30 pm. တရားနာ၊ ရေစက်ချမည်။

**စားသောက်ဖွယ်။** ပုဇွန်ခွက်ကြော်၊ ခေါက်ဆွဲသုတ်၊ ပသျှူးသာကူ၊ ကျောက်ကြောဆေးကုလားမ၊ သစ်သီးမျိုးစုံ။

## စုပေါင်း ကုသိုလ်ရှင်များ

၁။ ဒေါ်စိန်ရွှေနှင့် သားသမီးမြေးတစု
၂။ ဦးထွန်းကြွယ်+ဒေါ်တင်တင်မ မိသာစု၊
၃။ ဦးစန်းလှိုင်+ဒေါ်သန်းသန်းဝင်းမိသားစု
၄။ ဦးဘလွင်+ဒေါ်ကြည်တင် မိသားစု
၅။ ဦးမြထွန်း+ဒေါ်မြမြသန်း မိသားစု
၆။ ကျော်ဝမ်ယိုး+ Dr. ရိစ်တန်ယိုး မိသားစု
၇။ Ronnie Win + ဒေါ်ခင်အေးပွင့် မိသားစု
၈။ Dr. ထူးအောင်+ Richel Aung မိသားစု
၉။ Dr.သန်းနိုင်+ဒေါ်ဝေဝေလွင်ဦးမိသားစု
၁၀။ ဒေါ်မြင့်မြင့်သန်း၊သမီး အေးမြသူ၊သား ကျော်စည်သူ
၁၁။ ကိုပီတာ+မကြည်ကြည်ခိုင် မိသားစု
၁၂။ Richard Chow+ Michelle Chen Family
၁၃။ Raymand+ မစန်းစန်းယဉ် မိသားစု
၁၄။ ဂျူလီယန်တန်+ဂျူဒီတန်
၁၅။ ကိုသူရိန်ဦး(မျိုးချစ်မြန်မာ)+မစနိုး
၁၆။ ကိုရန်ပြေအောင်+မသီရိသန်းနိုင်ဦး

## အဓမ္မာကျောင်း ပွဲတော်များ အစီအစဉ်

၁။ **နိဗ္ဗာန်ဈေးပွဲတော်** June 27, 2010, (Sunday) (သာသနာပြုကုသိုလ်အတွက် ဈေးရောင်းပွဲ)
၂။ **ဝါဆိုသင်္ကန်းကပ်ပွဲတော်** July 18, 2010, (Sunday) (ဓမ္မမိတ်ဆွေများ စုပေါင်းကုသိုလ်)
၃။ **ဓမ္မစကြာနေ့ပွဲတော်** Aug 15, 2010, (Sunday) (Union Pacific Railrood မြန်မာဝန်ထမ်းများ)

၄။ May 27, 2010, (Thursday) **စုပေါင်း ပဋ္ဌာန်းရွတ်ပွဲ** 8:00 pm - 9:00 pm (နယုန်လပြည့်နေ့)
၅။ June 26, 2010, (Saturday) **စုပေါင်း ပဋ္ဌာန်းရွတ်ပွဲ** 8:00 pm- 9:00 pm (ပထမ ဝါဆိုလပြည့်နေ့)
၆။ July 27, 2010, (Tuesday) **သံဃာတော်များ ဝါဆိုသောနေ့** (ဒုတိယ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့)

# MAHA SAMAYA (THE GREAT CONCOURSE) DAY CELEBRATION

The Blessed One was once dwelling among the Sakiyas, at Kapilavatthu in the Great Wood (Maha-Vana), together with a great band of 500 brethren (Sangas), all being Arahants on a full moon day of Nayon.

During this great concourse, the exalted Lord Buddha preached the Maha-Samaya Sutta (The Great Concourse Discourse) to Devas from the ten thousand world- systems oft-times who assembled there to respect the Lord Buddha and the 500 arahant Sangas. At the end of the Great Concourse, a trillion Devas fulfilled arahantship and infinite numbers of Devas there also gained Sotapanna (the first stage of enlightenment).

We are cordially inviting you to celebrate this great "Nayon Full Moon Maha Samaya Day" with all our Dhamma friends to pay respect to our Lord Buddha, Maha Samaya Sutta (Dhamma) and to all 500 arahant Sangas at the following time and location.

Trustees

**Date:** June 6, 2010 (Sunday)
**Time:** 10:00 am - 1:15 pm(Lunch),
1:30 pm onwards (Sermon and Libation Ceremony)
**Food:** Pa-zun-khwet Kyaw, Noodle Salad, "Pa-shu" tapioca, Jelly pudding, fruits
**Donors:**

1. Daw Sein Shwe Family
2. U Htun Kywe+ Daw Tin Tin Ma Family
3. U San Hlaing + Daw Than Than Win Family
4. U Ba Lwin+ Daw Kyi Tin Family
5. U Mya Tun+Daw Mya Mya Than Family
6. Kyee Wan Yeo+ Dr. Rosie Tan Yeo Family
7. Ronnie Win+ Daw Khin Aye Pwint Family
8. Dr. Htoo Aung+Richel Aung family
9. Dr.Than Naing+Wai Wai Lwin Oo Family
10. Daw Myint Myint Than Family
11. Ko Peter+ Ma Kyi Kyi Khaing Family
12. Richard Chow + Michelle Chen Family
13. Raymond Chang+ San San Yin Family
14. Julian Tan+ Judy Tan
15. Ko Thurein Oo(Myo Chit Myanmar)+Ma Snow
16. Ko Yan Pyay Aung+Ma Thiri ThanNaing Oo

## မဟာသမယသုတ်တော်များ ဟောတော်မူပုံ

ဟိမဝန္တာ၏အနီး မဟာဝုန်တောအတွင်း၌ ကြီးစွာသောနတ်ဗြဟ္မာအစည်းအဝေးတွင် နတ်ဗြဟ္မာတို့၏ စရိုက် ၆–ပါးအလိုက် မဟာသမယစသော သုတ်တော်ကြီး(၇)သုတ်ကို ဟောကြားတော်မူသည်။

၁။ မဟာသမယသုတ် (နတ်ဗြဟ္မာတို့၏ အမျိုးအနွယ် အမည်တို့ကို ထုတ်ဖေါ်ဟောကြားတော်မူသည်။)
၂။ သမ္မာပရိဗ္ဗာဇနီယသုတ် (ရာဂ စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ဟောတော်မူသည်။)
၃။ ကလဟဝိဝါဒသုတ် (ဒေါသ စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ဟောတော်မူသည်။)
၄။ မဟာဗျူဟသုတ် (မောဟ စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ဟောတော်မူသည်။)
၅။ စူဠဗျူဟသုတ် (ဝိတက် စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ဟောတော်မူသည်။)
၆။ တုဝဋ္ဋကသုတ် (သဒ္ဓါ စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ဟောတော်မူသည်။)
၇။ ပုရာဘေဒသုတ် (ဗုဒ္ဓိ "ပညာ" စရိုက်ရှိသော နတ်ဗြဟ္မာတို့အတွက် ဟောတော်မူသည်။)

ဤသို့ စရိုက်နှင့်ကိုက်ညီသော တရားကိုဟောတော်မူနိုင်ခြင်းသည် သဗ္ဗညုတရွှေဉာဏ်တော်ကြီး၏ အစွမ်းတစ်ပါးဖြစ်သည်။ စရိုက်နှင့်ကိုက်ညီသောတရားတော်ကိုနာရခြင်းကြောင့်လည်း နတ်ဗြဟ္မာများစွာ ကျွတ်တန်းဝင်ကြသည်။